# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## e-NEWSLETTER

VOL.5, N0.3
March 2026


## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲအခမ်းအနား ကျင်းပပြုလုပ်ခြင်း






ဖေဖော်ဝါရီလ ၂၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဆွေးနွေးပွဲ အခမ်းအနားကို ၂၁-၂-၂၀၂၆ ရက်နေ့ ၁၄:၀၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌဦးပေါ်လွင်စိန်နှင့်အဖွဲ့ဝင်များ၊လှိုင်မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ရုံးဝန်ထမ်းများ စုစုပေါင်း (၈၃) ဦး တက်ရောက်ခဲ့ကြပါသည်။

ပထမဦးစွာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ကော်မရှင်ရုံးဝန်ထမ်းများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သေသေချာချာ သိရှိနားလည်ပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစွာ သွားလာနေထိုင်တတ်စေရန်နှင့် ယာဉ်စည်းကမ်း၊


စာ ၂




(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်တို့တက်ရောက်ခြင်း၊


စာ ၄




မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အမေ့မေတ္တာသက်ကြွယ်ရိပ်မွန်ဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးခြင်း၊


စာ ၅




မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး လုပ်ငန်းခွင်ဝင်သင်တန်း၊ အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပခြင်း၊


စာ ၇




မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဒိုက်ဦးဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခြင်း၊


စာ ၉




ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီမှ ဖွင့်လှစ်လျက်ရှိသော သင်တန်း၌ သင်ခန်းစာသွားရောက်ပို့ချ၊

လမ်းစည်းကမ်းကို သတိပြုလိုက်နာတတ်စေဖို့ ပညာပေး အစီအစဉ်တစ်ရပ်အနေနဲ့ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယနေ့ကမ္ဘာပေါ်တွင် ယာဉ်တိုက်မှုကြောင့် တစ်နှစ်လျှင် ၁ ဒသမ ၃၅ သန်းကျော် သေဆုံးနေပြီး တစ်ရက်လျှင် သေဆုံးနှုန်းပျမ်းမျှ ၃၇၀၀ ဦးခန့်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်နှင့် သုတေသနစာတမ်းများတွင် ဖော်ပြထားကြောင်း၊ ယာဉ်မောင်းတစ်ဦး သတိလက်လွတ်မောင်းနှင်မိခြင်း၊စည်းကမ်းမဲ့မောင်းနှင်မိခြင်း၊ လမ်းအသုံးပြုသူများ၏ စည်းကမ်းလိုက်နာမှုမရှိခြင်းစသည့် အကြောင်းများကြောင့်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ယာဉ်တိုက်မှု၊ မတော်တဆမှုများကြောင့် သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများ ရှိနေပါကြောင်း၊ ယခုအခါ ယာဉ်စီးသူများပြားလာခြင်း၊ လူဦးရေတိုးပွားလာခြင်းကြောင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှုများကို ပိုမိုဂရုစိုက်ထိန်းသိမ်းရန်လိုအပ်လာကြောင်း၊ အထူးသဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ကောင်းစွာသိရှိလိုက်နာကြရန်လိုအပ်ကြောင်း၊ ယာဉ်မောင်းခြင်း၊ ရပ်နားခြင်းစသည့် နေ့စဉ်လုပ်ငန်းများတွင် အခြားသူတို့၏ အခွင့်အရေးကို မထိပါးစေရန် လိုအပ်ကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၉ တွင် မိမိအခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို အသိအမှတ်ပြုလေးစားရမည်ဟုပါရှိပါကြောင်း၊အထူးသဖြင့် ဒီမိုကရေစီလူ့အဖွဲ့အစည်း တည်ဆောက်ရာမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမှအစ ဥပဒေသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို တည်ဆောက်ကြရမှာဖြစ်ပါကြောင်း၊ နေ့စဉ် လူမှုစီးပွားဘဝအတွက် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ အရေးကြီးတဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းများသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အရေးကြီးပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် လှိုင်မြို့နယ်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးမြင့်စိုးမှ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် ပတ်သက်၍ လိုက်နာရမည့် အချက်များ၊ ရှောင်ကြဉ်ရမည့် အချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပါသည်။ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲအား ၁၆:၁၀ နာရီအချိန်တွင်ရုပ်သိမ်းခဲ့ပါသည်။

## (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်တို့တက်ရောက်ခြင်း




ဖေဖော်ဝါရီလ ၁၂ ရက်

၁၂-၂-၂၀၂၆ ရက်နေ့၊ နေပြည်တော်တွင် ကျင်းပပြုလုပ်သည့်၂၀၂၆ခုနှစ်၊(၇၉)နှစ်မြောက်ပြည်ထောင်စုနေ့ နိုင်ငံတော် အလံအလေးပြုပွဲနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနား၊ ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ပါသည်။

## မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအစည်းအဝေးသို့ တက်ရောက်ခြင်း

ဖေဖော်ဝါရီလ ၉ ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၉-၂-၂၀၂၆ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် “မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအစည်းအဝေး” သို့ ကော်မရှင်အဖွဲ့ဝင်၊ ဒေါက်တာမြင့်သူမြိုင် တက်ရောက်ခဲ့ပါသည်။

## ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း

ဖေဖော်ဝါရီလ ၅ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၆)ကို ၅-၂-၂၀၂၆ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အလှည့်ကျကော်မတီဝင်များဖြစ်ကြသည့် ဒေါက်တာ သန်းမြင့်၊ ဒေါက်တာမြင့်သူမြိုင်နှင့် ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကျန်းမာရေး ဆေးစစ်မှုခံယူခြင်း





ဖေဖော်ဝါရီလ ၂၀ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှကော်မရှင်ဥက္ကဋ္ဌ၊ကော်မရှင်အဖွဲ့ဝင်များနှင့်ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့အား ၂၀၂၆ခုနှစ်၊ ပထမ(၆)လပတ် ဆေးစစ်မှုခံယူခြင်းကို၂၇-၁-၂၀၂၆ရက်နေ့နှင့်၂၈-၁-၂၀၂၆ ရက်နေ့များတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ၂၀-၂-၂၀၂၆ ရက်နေ့တွင် မျက်စိဆေးရုံကြီးတို့တွင် ကျန်းမာရေးဆေးစစ်မှုခံယူခြင်းများဆောင်ရွက်ခဲ့ပါသည်။ ကျန်းမာရေးဆေးစစ်မှုခံယူရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ သွေးစစ်ဆေးခြင်း၊ ခန္ဓာကိုယ်အတွင်း ရောဂါစစ်ဆေးခြင်းအား ဓါတ်မှန်ရိုက်စစ်ဆေးခြင်း၊ Ultrasound စစ်ဆေးခြင်း၊ ဆီး/ဝမ်းများ ဓါတ်ခွဲစစ်ဆေးခြင်းနှင့် မျက်စိဆေးရုံကြီးတွင် မျက်လုံးစမ်းသပ် စစ်ဆေးမှုခံယူခြင်း ဆောင်ရွက်ခဲ့ပါသည်။

## ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း



ဖေဖော်ဝါရီလ ၂၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၂/ ၂၀၂၆) ကို ၂၅ - ၂ - ၂၀၂၆ ရက်နေ့၊ ၁၀:၀၀ နာရီအချိန် Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင် အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဘာသာရပ်တာဝန်ခံကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံညွှန်ကြားရေးမှူးများက တင်ပြဆွေးနွေးခဲ့ကြပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အမေ့မေတ္တာသက်ကြွယ်ရိပ်မွန်ဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးခြင်း





ဖေဖော်ဝါရီလ ၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါက်တာသန်းမြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၆-၂-၂၀၂၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ အမေ့မေတ္တာသက်ကြွယ်ရိပ်မွန်ဘိုးဘွားရိပ်သာသို့ သွားရောက်ကာ ရိပ်သာ၌ ဘိုးဘွားရိပ်သာ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဘိုးဘွားများအား လက်ခံဆောင်ရွက်ပေးနေမှု၊ ဘိုးဘွားများအားကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာနှင့် ဖြည့်စွက်အာဟာရကျွေးမွေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည် ကိုးကွယ်ခွင့်ပေးထားမှု၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များကို ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု၊ အဆောက်အဦများအတွင်း အဆင်ပြေလွယ်ကူစွာလှုပ်ရှားသွားလာနိုင်ရန်နှင့် အပန်းဖြေအနားယူနိုင်ရန် နေရာစီစဉ်ဆောင်ရွက်ထားမှု၊ နိုင်ငံသားစိစစ်ရေးကတ်ရရှိနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ဘိုးဘွားများအား လူမှုရေးပင်စင်ရရှိရေး ဆောင်ရွက်ပေးမှု၊ အငြိမ်းစားဝန်ထမ်းဘိုးဘွားများအား ပင်စင်ထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမှုနှင့် မိသားစု၊ မိတ်ဆွေများနှင့် ညှိတွေ့နိုင်ရေးစီစဉ်ပေးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော် သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ကော်မရှင်ဥပဒေနှင့်အညီ အကြံပြု ပေးပို့သွားမည်ဖြစ်ပါသည်။

---

## စစ်ဦးစီးတက္ကသိုလ် (ကလော) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ



ဖေဖော်ဝါရီလ ၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်လုပ်ငန်းများအစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည်လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ် မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကိုရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ကော်မရှင်ရုံးညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် စစ်ဦးစီး

တက္ကသိုလ် (ကလော) တွင် ဖွင့်လှစ်လျက်ရှိသည့် စစ်ဦးစီး တက္ကသိုလ် သင်တန်းအမှတ်စဉ် (၇၃) သို့ ၉-၂-၂၀၂၆ ရက်နေ့ ၀၇:၄၀ နာရီမှ ၁၀:၄၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေးအခြေခံ အယူအဆများအကြောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်း တို့ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အကြောင်း၊ ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရားနှင့် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေး အခြေအနေများကို ပုံမှန် သုံးသပ်သည့် လုပ်ငန်းစဉ် စသည့် ဘာသာရပ်များကို လည်းကောင်း သင်ခန်းစာ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် စုစုပေါင်းသင်တန်းသား အရာရှိကြီး ၂၀၆ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့် မေးခွန်းများ မေးမြန်းခဲ့ကြရာ ကော်မရှင် အဖွဲ့ဝင်နှင့် ညွှန်ကြားရေးမှူး တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ



ဖေဖော်ဝါရီလ ၁၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်း လမ်းညွှန်အဖြစ်ရေးဆွဲထားသောရှေ့လုပ်ငန်းစဉ်မူဘောင် ပါပန်းတိုင်၊ရည်မှန်းချက်များနှင့်အညီနှစ်အလိုက် လုပ်ငန်း စီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည် ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြား ရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက် ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၆၄) သို့ ၁၈-၂-၂၀၂၆ ရက်နေ့ ၀၇:၄၀ နာရီမှ ၁၀:၄၀ နာရီ အချိန်အထိ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့ အခွင့်အရေး အခြေခံအယူအဆများအကြောင်း၊ ညွှန်ကြား ရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေးကြေညာ စာတမ်းအကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်ကြီး (၉) ခုအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း ဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ် သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် သင်တန်းသား အရာရှိ ၁၀၀ ဦး တက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး လုပ်ငန်းခွင်ဝင်သင်တန်း၊ အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပခြင်း



ဖေဖော်ဝါရီလ ၂၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ရုံးတွင် ခန့်အပ်ပြီးဖြစ်သည့် ဦးစီးအရာရှိ၊ ဒုတိယလူ့အခွင့် အရေးဦးစီးမှူးနှင့် အငယ်တန်းစာရေး ဝန်ထမ်းများ အတွက် လုပ်ငန်းခွင်ဝင် သင်တန်း၊ (၁/၂၀၂၆) သင်တန်း ဆင်းပွဲ အခမ်းအနားကို ၂၀-၂-၂၀၂၆ ရက်နေ့၊ ၁၅:၀၀ နာရီ အချိန်တွင် အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ် ရန်ကုန်မြို့၊

ကော်မရှင်ရုံး Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ၊ အလှည့်ကျ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ကော်မရှင်ရုံး အရာထမ်းများနှင့် သင်တန်းသားများ တက်ရောက်ကြပါသည်။

အခမ်းအနားတွင်မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က သင်တန်းဆင်းအမှာစကား ပြောကြားပါသည်။ ထို့နောက်ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်ကသင်တန်းတက်ရောက်အောင်မြင်ပြီးစီးခဲ့သည့် သင်တန်းများအားသင်တန်းဆင်းလက်မှတ်များတစ်ဦးချင်းပေးအပ်ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပါသည်။ သင်တန်းဆင်းအခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်းများ၊ သင်တန်းသား/သူအင်အား (၅၇) ဦးတက်ရောက်ခဲ့ပြီး အခမ်းအနားကို ၁၅:၃၀ နာရီအချိန် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကစကဲ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းနှင့် ရဲစခန်းအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးခြင်း





ဖေဖော်ဝါရီလ ၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်နှင့် ဦးသန်းဝင်းတို့ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၃-၂-၂၀၂၆ ရက်နေ့မှ ၄-၂-၂၀၂၆ ရက်နေ့အထိ ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မ မြို့နယ်ရှိ ကစကဲ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း၊ ဝါးခယ်မမြို့မရဲစခန်း အချုပ်ခန်းနှင့် မြောင်းမြမြို့မ ရဲစခန်းအချုပ်ခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကစကဲ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းကို ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင် ပစ္စည်းများရရှိခြင်း ရှိ မရှိ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ သန့်ရှင်းသော သောက်သုံးရေလုံလောက်မှု ရှိ မရှိ၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် ရှိ မရှိ၊ မိသားစုတွေ့ဆုံခွင့်နှင့် ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ မရှိ၊ လုပ်ငန်းခွင်အတွင်း တာဝန်ပေးအပ်ရာတွင် ခွဲခြား ဆက်ဆံမှု ရှိ မရှိနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းမှုရှိမရှိစသည်တို့ကိုမေးမြန်းမှတ်တမ်းတင်ခဲ့ပြီး သီးခြားတွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား (၆) ဦးကိုလည်း လွတ်လပ်စွာ သီးခြားတွေ့ဆုံ မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

ထို့နောက် အကျဉ်းသားများ၏ နေ့စဉ်အစားအစာချက်ပြုတ်ကျွေးမွေးမှု၊ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ သုံးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိနှင့် စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကောင်းမွန်အောင် ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ထို့အပြင် အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် သုတ၊ ရသ စာအုပ်စာပေများကို ကော်မရှင်မှ လှူဒါန်းခဲ့ပါသည်။

ဝါးခယ်မမြို့မရဲစခန်းအချုပ်ခန်းနှင့် မြောင်းမြမြို့မ

ရဲစခန်းအချုပ်ခန်းတို့အားသွားရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှု၊ တရားရုံးတွင် ရုံးထုတ်ချိန်ကာလအတွင်း စားသောက်ရေးစီစဉ်ပေးမှု၊ အချုပ်ခန်းများအတွင်း မိလ္လာသုံးစွဲမှုနှင့် တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေအနေတို့အား အချုပ်သား/အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများ၏ သန့်ရှင်းမှု၊ အလင်းရောင်ရရှိမှုနှင့် လေဝင်လေထွက် ကောင်းမွန်မှု ရှိ မရှိ တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဒိုက်ဦးဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခြင်း



ဖေဖော်ဝါရီလ ၂၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဦးသန်းဝင်းတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၄-၂-၂၀၂၆ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်ရှိ ဒိုက်ဦးဗဟိုအကျဉ်းထောင်သို့ သွားရောက်၍ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူ တစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးများဖြစ်သော နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေ၊ ရောဂါအခြေအနေအပေါ် မူတည်၍ ပြင်ပဆေးရုံများသို့တင်ပို့ကုသပေးမှုအခြေအနေ၊သန့်ရှင်းသောသောက်ရေပေးဝေမှု အခြေအနေနှင့် ချိုးရေ၊ သုံးရေလုံလောက်စွာရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ မိသားစုနှင့်တွေ့ဆုံခွင့်ပေးနိုင်မှုအခြေအနေ၊ထောင်ဝင်စာပစ္စည်းများ စုံလင်စွာလက်ခံရရှိမှုအခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု အခြေအနေ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်ပေးမှု အခြေအနေ၊ ယုံကြည်ရာကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့်အခြေအနေ၊အသက်မွေးဝမ်းကျောင်းပညာသင်ကြားနေမှုအခြေအနေ၊ အကျဉ်းသား/ အကျဉ်းသူများအား အကျဉ်းထောင်ဝန်ထမ်းများကလည်းကောင်း၊အကျဉ်းသားအချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ/မရှိ၊ ထောင်ဝင်စာ လာရောက်တွေ့ဆုံသည့် အကျဉ်းသား မိသားစုဝင်တို့ကို ထောင်ဝင်စာအခက်အခဲ ရှိ/ မရှိ၊ အကျဉ်းသားအတွက် ပစ္စည်း ပေးပို့ရာတွင် အဆင်ပြေမှု ရှိ/ မရှိစသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သီးခြားလွတ်လပ်စွာတွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား/ အကျဉ်းသူ (၃၁) ဦးကို တစ်ဦးချင်း လက်ခံတွေ့ဆုံပြီး တင်ပြချက်များကို မှတ်တမ်းတင်ခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ၏ အိပ်ဆောင်များ၊ အကျဉ်းထောင်ဆေးရုံဆောင်၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေ/ ချိုးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ/မရှိနှင့် ထောင်ဝင်စာ တွေ့ဆုံသည့် နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ယခင်စစ်ဆေးစဉ်က တွေ့ရှိချက်အပေါ် အကြံပြုချက်များကို ဆောင်ရွက်ပြီးစီးမှုများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ပြီး အကျဉ်းသားများ ဖတ်ရှုလေ့လာနိုင်ရန်



အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေအုပ်ရေ (၁၀၀) အုပ်ကို ကော်မရှင်မှ ပေးအပ်လှူဒါန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



ဖေဖော်ဝါရီလ ၂၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲအမှတ်စဉ် (၂/၂၀၂၆) အခမ်းအနားကို ၂၄-၂-၂၀၂၆ ရက်နေ့ ၁၄:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်က အဖွင့်အမှာစကား ပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်ကြသော နေပြည်တော်၊ မန္တလေးနှင့် ပုသိမ်တို့ရှိ အရာထမ်း/အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

ဝန်ထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း ( ၇၅ ) ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၁:၂၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း (မရမ်းကုန်း) ၌ သင်ခန်းစာသွားရောက်ပို့ချ



ဖေဖော်ဝါရီလ ၂၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်း ညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ်မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့် အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကိုရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးဒေါ်မိမိခိုင်သည် လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း (မရမ်းကုန်း) တွင် ဖွင့်လှစ်လျက်ရှိသည့် “သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၆)” သို့ ၂၆-၂-၂၀၂၆ ရက်နေ့၊ ၀၉:၀၀ နာရီမှ ၁၆:၀၀ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် သက်ကြီးပုဂ္ဂိုလ် ပြုစုစောင့်ရှောက်သူများသည် ဘိုးဘွားများ၏ ကျန်းမာရေးသာမက ၎င်းတို့၏ လူသားဂုဏ်သိက္ခာကိုပါ စောင့်ရှောက်သူများဖြစ်ကြောင်း သိရှိနားလည်စေရန် ရည်ရွယ်၍ လူ့အခွင့်အရေးအခြေခံ အယူအဆများအကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းနှင့်သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အခွင့်အရေးတို့ကို ဆွေးနွေးပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၁ ဦး၊ သင်တန်းသူ ၃၀ ဦး စုစုပေါင်း ၃၁ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့်မေးခွန်းများကို မေးမြန်းခဲ့ကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဆိုင်ရာ အမျိုးသားအဆင့်ကော်မတီမှ ဖွင့်လှစ်လျက်ရှိသော သင်တန်း၌ သင်ခန်းစာသွားရောက်ပို့ချ

ဖေဖော်ဝါရီလ ၂၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ်မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကိုရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည် ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေး နှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ (နေပြည်တော်) ၌ ဖွင့်လှစ်လျက်ရှိသော “ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး (TOT) သင်တန်း” သို့ ၂၇-၂-၂၀၂၆ ရက်နေ့၊ ၁၃:၀၀ နာရီမှ ၁၄:၃၀ နာရီအချိန်ထိ လူ့အခွင့်အရေး ဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးကိစ္စရပ်များကို လူ့အခွင့်အရေးရှုထောင့်မှ သုံးသပ်ဆွေးနွေးပို့ချခဲ့ရာတွင် တက်ရောက်လာသူများကလည်း တစ်ဦးချင်းနှင့် အုပ်စုလိုက် ပါဝင်ဆွေးနွေးခဲ့ကြပါသည်။ သင်တန်းတွင် သင်တန်းသား ၅ ဦး၊ သင်တန်းသူ ၂၀ ဦး စုစုပေါင်း ၂၅ ဦးတက်ရောက်ခဲ့ကြပြီးသိရှိလိုသည့်မေးခွန်းများကို မေးမြန်းခဲ့ကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။



## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာ သွားရောက်ပို့ချ

ဖေဖော်ဝါရီလ ၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ်မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) တွင် ဖွင့်လှစ်လျက်ရှိသော စုံစမ်းရေးမှူးလုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး သင်တန်း အမှတ်စဉ် (၉) ၌ ၉-၂-၂၀၂၆ ရက်နေ့တွင် ၀၈:၀၀ နာရီမှ ၁၁:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးစံတန်ဖိုးများ ဘာသာရပ်သင်ခန်းစာအား သွားရောက်ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသား ၂၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် မီးဖိုချောင်သုံးသက်သာပစ္စည်းများရောင်းချပေးခြင်း






ဖေဖော်ဝါရီလ ၂၅ ရက်

ကော်မရှင်ရုံး ဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် ၅-၂-၂၀၂၆ ရက်နေ့တွင် မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်းမှ စားအုန်းဆီ တစ်ပိဿာလျှင် (၇,၇၆၅/-) ကျပ်နှုန်းဖြင့် (၂၅၇.၅) ပိဿာ အားလည်းကောင်း၊ ၂၅-၂-၂၀၂၆ ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) မှ ဆန်အိတ် ပေါ်ဆန်း (၅၈) အိတ် (၅) ပြည်ဝင် တစ်အိတ်လျှင် ၂၂၅၀၀ဝ/- ကျပ်နှုန်း ၊ ဧည့်မထ (၃၃) အိတ် (၅) ပြည်ဝင်တစ်အိတ်လျှင် ၁၂၅၀၀၀/- ကျပ်နှုန်းဖြင့် လည်းကောင်း ကော်မရှင်ရုံး ဝန်ထမ်းများအတွက် ဝယ်ယူဖြန့်ဝေရောင်းချပေးခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာနေ့နှင့်သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း





ဖေဖော်ဝါရီလ ၂၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဝန်ထမ်းများသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆) ချက် ရွတ်ဆိုခြင်းကို အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့များတွင် ဆောင်ရွက်လျက်ရှိပါသည်။

## တိုင်ကြားချက်များစိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း တိုင်ကြားချက် (၃၃) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်ကြားချက်များကို ကော်မရှင်စုံစမ်း စစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၄) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်ကြားချက် (၇) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့လည်းကောင်း၊ တိုင်ကြားချက် (၇) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး၊ တိုင်ကြားချက် (၁၂) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၇ (ခ) အရ လည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ခ) အရ လည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း၊ ယခင်ဆောင်ရွက်ပြီးဖြစ်၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပြီး ဆောင်ရွက်ရန်ကျန်ရှိသည့် တိုင်ကြား စာ (၇) စောင်ရှိပါသည်။

# အမှောင်ထုကို တားဆီးရန်အတွက် အလင်းရောင် ကွင်းဆက်တစ်ခု

**ကောင်းထက်**

၁၉၄၈ ခုနှစ်တွင် ကမ္ဘာကြီးသည် ပြာမှုန်နှင့် ဝမ်းနည်းမှုအနံ့များရှိနေဆဲပင်။ ကြီးမားကြောက်မက်ဖွယ်ကောင်းသော စစ်ပွဲတစ်ခု ပြီးဆုံးခဲ့သော်လည်း ကျန်ရစ်ခဲ့သည့် တိတ်ဆိတ်မှုမှာ စိတ်ကူး၍ မရနိုင်သော ဆင်းရဲဒုက္ခများ၏ ပဲ့တင်သံများဖြင့် ပြည့်နှက်နေခဲ့သည်။ လူတို့က မေးကြသည် "ဒါတွေ ဘယ်လိုဖြစ်လာတာလဲ? နောက်တစ်ခါဘယ်တော့မှမဖြစ်စေဖို့ ဘယ်လိုတားဆီးမလဲ?"

ပဲရစ်မြို့ရှိ အခန်းတစ်ခန်းထဲတွင် လူမျိုးစုံပါဝင်သည့် အုပ်စုငယ်တစ်စု—ရှေ့နေများ၊ အတွေးအခေါ်ပညာရှင်များ၊ ကမ္ဘာ့နေရာအနှံ့မှ ကိုယ်စားလှယ်များ—စုဝေးခဲ့ကြသည်။ ၎င်းတို့သည် နံနက်ခင်းကို ဖန်တီးသူများ ဖြစ်ကြသည်။ ၎င်းတို့သည် အတိတ်၏ လေးလံသော အမှတ်တရများကို သယ်ဆောင်လာသော်လည်း အနာဂတ်အတွက် တောက်ပသော မျှော်လင့်ချက်လည်း ရှိကြသည်။

စကားသံတိတ်ဆိတ်ခံခဲ့ရသူ သန်းပေါင်းများစွာ၏ စိတ်ဓာတ်ကို သယ်ဆောင်လာသည့် ခိုင်မာပြတ်သားသော အသံပိုင်ရှင် အယ်လီနာ ရှိသည်။ ဖိနှိပ်မှု၏ ခါးသီးသော အရသာကို ကိုယ်တိုင်သိရှိခဲ့သော လွတ်လပ်ရေးရပြီးစ နိုင်ငံတစ်ခုမှ ကိုယ်စားလှယ်တစ်ဦး ရှိသည်။ မပြောပြနိုင်သော အာဏာရှင်စနစ်ကို ခံစားခဲ့ရသော နိုင်ငံတစ်နိုင်ငံမှ ဥပဒေပညာရှင်တစ်ဦး ရှိသည်။ ၎င်းတို့၏ တာဝန်မှာ အလွန်ကြီးမားသည်။ မတရားမှုကို အမြဲတမ်းကာကွယ်ပေးမည့် အခြေခံကျသော၊ ကမ္ဘာလုံးဆိုင်ရာ အခြေခံမှုများကို ရေးသားရန်ဖြစ်သည်။ ၎င်းသည် ဥပဒေသက်သက်မျှမဟုတ်ဘဲ၊ မြင့်မြတ်သော ကတိတစ်ခုပင်ဖြစ်သည်။

၎င်းတို့သည် နှစ်နှစ်ကြာသည်အထိ တစ်ခါတစ်ရံ ပြင်းပြင်းထန်ထန် ငြင်းခုံဆွေးနွေးခဲ့ကြ သည်။ ၎င်းတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ပါသင့်သလား၊ ပါသင့်သည်၊ အဘယ်ကြောင့် ဆိုသော် တိတ်ဆိတ်ခြင်းသည် အာဏာရှင်စနစ်ကို ဖြစ်စေသည်။ ၎င်းတွင် အသက်ရှင်သန်ခွင့် ပါသင့်သလား၊ အတိအကျပင်၊ ၎င်းသည် အရာအားလုံး၏ အုတ်မြစ်ဖြစ်သည်။ ၎င်းတွင် အစားအသောက်၊ အိုးအိမ်နှင့် ပညာရေး ပါသင့်သလား၊ ပါသင့်သည်၊ အဘယ်ကြောင့် ဆိုသော် ဂုဏ်သိက္ခာမရှိသော ဘဝသည် ဘဝမဟုတ်သောကြောင့် ဖြစ်သည်။ ၎င်းတို့သည် အခွင့်အရေးများမှာ ဘုရင်တစ်ပါး သို့မဟုတ် နိုင်ငံတော်က ပေးအပ်သည့် လက်ဆောင်များ မဟုတ်ကြောင်း သိရှိလာကြသည်။ ၎င်းတို့သည် လူမျိုး၊ ဘာသာ၊ စီးပွားရေးအဆင့်အတန်း မည်သို့ပင်ရှိစေကာမူ လူတိုင်းနှင့် အတူမွေးရာပါ ပါလာသည့် အရာများဖြစ်သည်။ ၎င်းတို့ကို လူ့အခွင့်အရေးဟု ခေါ်ဆိုခဲ့သည်။

တစ်နေ့တွင် ကိုယ်စားလှယ်တစ်ဦးက စိတ်လှုပ်ရှားစွာဖြင့် "ကျွန်ုပ်တို့သည် လူသားဖြစ်ခြင်း ၏ အဓိပ္ပာယ်ကို သတ်မှတ်ရပါမည်။ ကျွန်ုပ်တို့၏ ကွဲပြားမှုများဖြင့် မဟုတ်ဘဲ၊ ကျွန်ုပ်တို့ မျှဝေခံစားသောအရာဖြင့်– ကျွန်ုပ်တို့၏ တန်းတူတန်ဖိုး ဖြင့် သတ်မှတ်ရပါမည်" ဟု ပြောကြားခဲ့သည်။ နောက်ဆုံးတွင်၊ မရေမတွက်နိုင်သော မူကြမ်းများနှင့် အလျှော့အတင်းများ ပြုလုပ်ပြီးနောက်၊ ၎င်းတို့သည် ပြီးစီးခဲ့သည်။ ၎င်းကို ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) ဟု ခေါ်ဆိုသည်။ ၎င်းတွင်ပုဒ်မ၃၀ပါဝင်ပြီးအမှောင်ထုကို တားဆီးရန်အတွက် အလင်းရောင် ကွင်းဆက်တစ်ခု ဖြစ်သည်။ လူ့အခွင့်အရေးကြေငြာစာတမ်း (UDHR) သည် လူ့အခွင့်အရေးသမိုင်းတွင် မှတ်တိုင် တစ်ခုဖြစ်ပြီး လူသားအားလုံးအတွက် အခြေခံလူ့အခွင့်အရေးများကို ဖော်ပြသည့် အပိုဒ် ၃၀ ပါဝင် သည်။ ဤအပိုဒ်များတွင် အရပ်ဘက်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို လွှမ်းခြုံထားပြီး အမျိုးအစားလေးမျိုးခွဲခြားနိုင်သည်။

ပုဒ်မ ၁–၂ သည် အခြေခံမှုများ ဖြစ်ပါသည်။ ဤပုဒ်မများသည် လူသားအားလုံးသည် လွတ်လပ်ပြီး တန်းတူညီမျှသော ဂုဏ်သိက္ခာနှင့် အခွင့်အရေးများတွင် မွေးဖွားလာကြပြီး လူမျိုး၊ လိင်၊ ဘာသာစကား သို့မဟုတ် ဘာသာတရားကဲ့သို့သော ဝိသေသလက္ခဏာများ မည်သို့ပင် ရှိစေကာမူ လူတိုင်းသည် ဤအခွင့်အရေးများကို ရရှိပိုင်ခွင့်ရှိကြောင်း ခိုင်မာစေသည်။ ပုဒ်မ ၃–၁၁ သည် လူတစ်ဦးချင်းစီ၏ အခွင့်အရေးများ ဖြစ်ပါသည်။ ဤပုဒ်မများသည် အသက်ရှင်ခွင့်၊ လွတ်လပ်ခွင့်နှင့် လုံခြုံမှု၊ ကျွန်ပြုခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်းနှင့် မတရားဖမ်းဆီးခံရခြင်းမှ လွတ်မြောက်ခြင်း အပါအဝင် လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်များကို အာရုံစိုက်သည်။ ၎င်းတို့သည်

ဥပဒေရှေ့မှောက်တွင် လူတစ်ဦးအဖြစ် အသိအမှတ်ပြုခံရခြင်း၊ ဥပဒေအရ တန်းတူကာကွယ် ခံရခြင်း၊ တရားမျှတမှုရရှိခွင့်နှင့် တရားမျှတသော ရုံးတင်စစ်ဆေးမှုနှင့် အပြစ်ကင်းစင်သည်ဟု ယူဆခံရခြင်းတို့ကိုလည်း လွှမ်းခြုံထားသည်။ ပုဒ်မ ၁၂-၁၇ သည် လူ့အဖွဲ့အစည်းအတွင်း အခွင့်အရေးများဖြစ်ပါသည်။ ဤပုဒ်မများသည် လူ့အဖွဲ့အစည်းအတွင်း လူတစ်ဦးချင်းစီ၏ နေရာ နှင့် သက်ဆိုင်သည့် အခွင့်အရေးများ၊ ဥပမာအားဖြင့် ကိုယ်ရေးကိုယ်တာနှင့် မိသားစုကို မတရားဝင်ရောက်စွက်ဖက်ခြင်းမှ လွတ်မြောက်ခြင်း၊ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်၊ ခိုလှုံခွင့်တောင်းခံခွင့်၊ နိုင်ငံသားဖြစ်ခွင့်၊ လက်ထပ်ခွင့်နှင့် မိသားစုတည်ထောင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်ကဲ့သို့သော အခွင့်အရေးများကို ကိုင်တွယ်ဖြေရှင်းသည်။

ပုဒ်မ ၁၈-၂၁ သည် နိုင်ငံရေးနှင့် ဝိညာဉ်ရေးရာ အခွင့်အရေးများ ဖြစ်ပါသည်။ ဤပုဒ်မများသည် အတွေးအခေါ်၊ ကျင့်ဝတ်နှင့် ဘာသာရေး၊ ထင်မြင်ယူဆချက်နှင့် ဖော်ပြခြင်း၊ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် အသင်းအဖွဲ့ဖွဲ့စည်းခြင်းဆိုင်ရာ လွတ်လပ်ခွင့်များနှင့် ဒီမိုကရေစီ လုပ်ငန်းစဉ်များမှတစ်ဆင့် အစိုးရတွင် ပါဝင်ခွင့်တို့နှင့် သက်ဆိုင်သည့် လွတ်လပ်ခွင့်များကို လွှမ်းခြုံထား သည်။ ပုဒ်မ ၂၂-၂၇ သည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ ဖြစ်ပါသည်။ ဤပုဒ်မများသည် လူမှုဖူလုံရေး၊ တရားမျှတသော အခြေအနေများဖြင့် အလုပ်လုပ်ခွင့်၊ အနားယူခွင့်နှင့် အားလပ်ချိန်၊ လုံလောက်သော လူနေမှုအဆင့်အတန်း၊ ပညာရေးနှင့် ယဉ်ကျေးမှုဘဝတွင် ပါဝင်ခွင့် အပါအဝင် ကောင်းကျိုးချမ်းသာအတွက် လိုအပ်သော အခွင့်အရေးများကို ဖော်ပြထားသည်။ ပုဒ်မ ၂၈-၃၀ သည် တာဝန်များနှင့် ကန့်သတ်ချက်များ ဖြစ်ပါသည်။ ဤပုဒ်မများသည် အခွင့်အရေးများကို ပံ့ပိုးပေးသည့် လူမှုရေးနှင့် နိုင်ငံတကာ အစီအစဉ်တစ်ခုအပေါ် အခွင့်အရေးကို ခိုင်မာစေပြီး လူတစ်ဦးချင်းစီတွင် အသိုင်းအဝိုင်းအပေါ် တာဝန်များရှိကြောင်း ဖော်ပြထားသည်။ ၎င်းတို့သည် ဤအခွင့်အရေးများသည် အခြားသူများ၏ အခွင့်အရေးများကို ကာကွယ်ရန် ကန့် သတ်ချက်များနှင့် သက်ဆိုင်ကြောင်းနှင့် UDHR တွင် ဖော်ပြထားသော အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို မည်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်မျှ မထိခိုက်စေသင့် ကြောင်းလည်း ရှင်းလင်းစွာ ဖော်ပြထားသည်။

လူ့အခွင့်အရေးကြေငြာစာတမ်း (UDHR) ကို အခြေခံထားတဲ့ ဆွဲဆောင်မှုရှိတဲ့ ဇာတ်လမ်းတစ်ပုဒ်ဟာ လူတစ်ဦးချင်းစီရဲ့ ရုန်းကန်မှု၊ သဘောပေါက်မှုနဲ့ အောင်မြင်မှုတွေ အကြောင်း ရေးဖွဲ့လေ့ရှိပါတယ်။ UDHR ရဲ့ စိတ်ဓာတ်နဲ့ မူတွေကို ပေါင်းစပ်ထားတဲ့ ဇာတ်လမ်း တိုလေးတစ်ပုဒ်ကို ဖော်ပြပေးလိုက်ပါတယ်။

အရုဏ်ဦးရဲ့ ဗိသုကာပညာရှင်

Elara ဟာ အရုဏ်ဦးဟာ မကြာခဏ တိတ်ဆိတ်နေတတ်ပြီး၊ တိုးတိုးလေးတွေက အသံတွေကို အစားထိုးပြီး လူတစ်ယောက်ရဲ့ အဖိုးတန်ဆုံးအရာက သူတို့ရဲ့ တိတ်ဆိတ်မှုရှိတဲ့ နိုင်ငံမှာ ကြီးပြင်းလာခဲ့တာပါ။ သူမရဲ့ အိမ်ဟာ "နိုင်ငံသား" ဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်ကို ကြာမြင့်စွာ မေ့လျော့နေတဲ့ ကောင်စီတစ်ခုရဲ့ လက်အောက်မှာ မီးခိုးရောင်မြို့တစ်မြို့ ဖြစ်ခဲ့ပါတယ်။ သူတို့ဟာ အလုပ်တိုင်းကို အမိန့်ပေး၊ သတင်းတိုင်းကို ထိန်းချုပ်ပြီး စုဝေးခွင့်၊ ပြောဆိုခွင့် ဒါမှမဟုတ် သူတို့အတွက် ကြိုတင်ရေးဆွဲထားတဲ့ လမ်းကြောင်းထက် တခြားလမ်းကြောင်းတစ်ခုကို ရွေးချယ် ခွင့် မပေးခဲ့ပါဘူး။ (ပုဒ်မ ၁၉၊ ၂၀၊ ၂၁၊ ၂၃ ချိုးဖောက်မှုများ - လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ အစိုးရမှာ ပါဝင်ခွင့်၊ အလုပ်လုပ်ခွင့်)။

တစ်နေ့မှာ Elara ဟာ နာရီဟောင်းတစ်လုံးရဲ့ ကျောရိုးမှာ ဝှက်ထားတဲ့ စုတ်ပြဲ နေတဲ့၊ မေ့ပျောက်နေတဲ့ စာအုပ်တစ်အုပ်ကို တွေ့ခဲ့ပါတယ်။ အဲဒီစာအုပ်ကို တောက်ပြောင်ပြီး စိန်ခေါ်နေတဲ့ အပြာရောင်နဲ့ ချည်နှောင်ထားပါတယ်။ ၎င်း၏စာမျက်နှာများတွင် စည်းမျဉ်းများနှင့် ပြည့်နှက်မနေဘဲ၊ အံ့မခန်းအတွေးအခေါ်များဖြင့် ပြည့်နှက်နေပါသည်။ "လူသားအားလုံးသည် ဂုဏ်သိက္ခာနှင့် အခွင့်အရေးများတွင် လွတ်လပ်ပြီး တန်းတူညီမျှစွာ မွေးဖွားလာကြသည်။" "မည်သူမျှ ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေသော ဆက်ဆံမှုကို ခံရမည်မဟုတ်ပါ။" "လူတိုင်းတွင် အသက်ရှင်ခွင့်၊ လွတ်လပ်ခွင့်နှင့် လုံခြုံမှုရှိရမည်။" ၎င်းသည် လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကြေငြာ စာတမ်းဖြစ်သည်။ ဖော်ပြထားသော အခွင့်အရေးများသည် ပေးအပ်ရမည့် အခွင့်

အရေးများ မဟုတ်ဘဲ ခိုးယူခံခဲ့ရသော မွေးရာပါအခွင့်အရေးများဖြစ်ကြောင်း Elara သဘောပေါက်ခဲ့သည်။ သူမသည် စက်တစ်ခု၏ ဘီးတစ်ခုမျှသာ မဟုတ်ပါ။ သူမတွင် မွေးရာပါဂုဏ်သိက္ခာရှိသည် (ပုဒ်မ ၁)။

သူမ၏ ပထမဆုံးလုပ်ဆောင်ချက်သည် သေးငယ်သော်လည်း တုန်လှုပ် ချောက်ချားဖွယ် ကောင်းသည်။ ကောင်စီသည် မကြာသေးမီက အသေးစားဆန္ဒပြမှုအတွက် အပြစ်ပေးသည့်အနေဖြင့် အဆင်းရဲဆုံးရပ်ကွက်မှ သန့်ရှင်းသောရေရရှိမှုကို ဖယ်ရှားခဲ့သည်။ စာအုပ်ကို သူမ၏ တိတ်ဆိတ်သောလမ်းညွှန်အဖြစ် အသုံးပြု၍ Elara သည် လျှို့ဝှက်ပြီး ရိုးရှင်းသော စီမံကိန်းတစ်ခုကို စတင်ခဲ့သည်- မြို့ဟောင်းပိုက်လိုင်းများကို မြေပုံဆွဲခြင်း၊ သူမသည် ချီတက်ခြင်း မပြုခဲ့ပါ။ သူမသည် သတင်းအချက်အလက်ရှာဖွေခြင်း၊ လက်ခံခြင်းနှင့် ဖြန့်ဝေခြင်း (ပုဒ်မ ၁၉) နှင့် ကျန်းမာရေးနှင့် ကောင်းကျိုးချမ်းသာအတွက် လုံလောက်သော လူနေမှုအဆင့်အတန်းရရှိရန် သူမ၏ အခွင့်အရေး (ပုဒ်မ ၂၅) ကို အသုံးပြု၍ ပြောင်းလဲမှုကို ဖန်တီးခဲ့သည်။ သူမသည် သူမ၏ မြေပုံများကို ယုံကြည်ရသော အိမ်နီးချင်းအနည်းငယ်နှင့် မျှဝေခဲ့ပြီး ပုန်ကန်ရန် တိုက်တွန်းချက် အဖြစ်မဟုတ်ဘဲ ပျက်နေသော အဆို့ရှင်ကို ပြန်လည်ထူထောင်ရန် လက်တွေ့လမ်းညွှန်အဖြစ် ပေးခဲ့သည်။

တိတ်ဆိတ်ငြိမ်သက်သော မိုးသောက်ချိန်အောက်တွင် ၎င်းတို့သည် နောက်ခံ အားဖြင့်မဟုတ်ဘဲ အီလာရာ ဖယောင်းတိုင်မီးဖြင့် ကျယ်လောင်စွာ ဖတ်ကြားခဲ့သော မူများအပေါ် ဘုံယုံကြည်ချက်ဖြင့် စည်းလုံးညီညွတ်သော ကွဲပြားသည့် အဖွဲ့ငယ်လေး တစ်ခုဖြစ်သည်။ တစ်ခုမှာ ပညာရေးအခွင့်အရေး အတွက် တိုက်ပွဲဝင်နေသော ယခင်ဆရာတစ်ဦး (ပုဒ်မ ၂၆)၊ နောက်တစ်ခုမှာ အနားယူခွင့်နှင့် အားလပ်ခွင့်ကိုသာ လိုလားသော အသက်ကြီးအမျိုးသားတစ်ဦး (ပုဒ်မ ၂၄) ဖြစ်သည်။ အဆင်းရဲဆုံးရပ်ကွက်တွင် ရေများ ပြန်လည်စီးဆင်းလာသောအခါ ရတ်တရက် အောင်ပွဲ ခံခြင်းမဟုတ်ဘဲ နူးညံ့သိမ်မွေ့ပြီး တည်ငြိမ်သော မျှော်လင့်ချက်ရေစီးကြောင်းတစ်ခုဖြစ်သည်။ ၎င်းတို့၏ မွေးရာပါအခွင့်အရေးများကို အသိအမှတ်ပြုပြီးသည်နှင့် ပြန်လည်ရယူနိုင်ကြောင်း လက်တွေ့သက်သေပြချက်တစ်ခုဖြစ်သည်။

နောက်ဆုံးတွင် ကောင်စီသည် "လှုံ့ဆော်သူများကို ရှာဖွေပြီး အပြစ်ပေးရန် ကြိုးစားခဲ့သည်။" သို့သော် သေးငယ်ပြီး တိတ်ဆိတ်ငြိမ်သက်သော အဖွဲ့သည် ကြေငြာစာတမ်း၏ စိတ်ပိုင်းဆိုင်ရာ အပိုင်းအစများကို သယ်ဆောင်ထားသော လူရာပေါင်းများစွာ အဖြစ်သို့ ကြီးထွားလာခဲ့ကြောင်း ၎င်းတို့ တွေ့ရှိခဲ့ကြသည်။ သူတို့ဟာ တရားမျှတမှု၊ တရားမျှတတဲ့ တရားစီရင်မှု (ပုဒ်မ ၁၀၊ ၁၁) ကို တောင်းဆိုခဲ့ကြပြီး သူတို့ရဲ့ အသံတွေကို ကျယ်လောင်ပြတ်သားစွာ အသုံးပြုပြီး ကိုယ်ပိုင်ကိုယ်စားလှယ်တွေကို ရွေးချယ်ခွင့်ကို တောင်းဆိုခဲ့ကြပါတယ် (ပုဒ်မ ၂၁)။

အခုတော့ အရုဏ်ဦးသစ်ရဲ့ ဗိသုကာဖြစ်တဲ့ အီလာရာဟာ အာဏာရာထူးကို ဘယ်တုန်းကမှ မယူခဲ့ပါဘူး။ သူမဟာ အပြာရောင်စာအုပ်ကို ဘယ်တော့မှ မေ့ပျောက်မှာ မဟုတ်ဘူးဆိုတာကိုပဲ သေချာစေခဲ့ပါတယ်။ သူမက ကလေးတွေကို UDHR ဟာ ဥပဒေတစ်ခု မဟုတ်ဘဲ ကတိတစ်ခုဖြစ်ပြီး လူသားတိုင်းကို ခြွင်းချက်မရှိ လွတ်လပ်ပြီး တန်းတူညီမျှပြီး ဂုဏ်သိက္ခာရှိရှိ ရှုမြင်ခံရတဲ့ ကမ္ဘာအတွက် ပုံစံတစ်ခုဖြစ်ကြောင်း သင်ကြားပေးခဲ့ပါတယ်။ UDHR ရဲ့ သီးခြားဆောင်းပါးတစ်ပုဒ်ကို ပိုပြီးအာရုံစိုက်ထားတဲ့ ဇာတ်လမ်းတိုတစ်ပုဒ်နဲ့ လေ့လာချင်ပါသလား။ အဲဒါက UDHR ရဲ့စိတ်ဓာတ်ကို ဖမ်းယူနိုင်တဲ့ အစွမ်းထက်တဲ့ ဇာတ်ကြောင်းတစ်ခုပါ။ UDHR ဟာ မတူညီတဲ့ နောက်ခံက လူတွေရဲ့ စုပေါင်းကြိုးပမ်းအားထုတ်မှုတွေပေါ်မှာ တည်ဆောက်ထားတဲ့ အတွက် ဇာတ်လမ်းကို ပြောပြဖို့ နောက်ထပ်နည်းလမ်းတစ်ခုကတော့ ၎င်းရဲ့မူလအစကို အာရုံစိုက်ဖို့ပါပဲ၊ ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးမှုနဲ့ အပေးအယူလုပ်မှုရဲ့ ဇာတ်လမ်းတစ်ပုဒ်ပါ။

နိဂုံးချုပ်အနေဖြင့် UDHR သည် လူသားအားလုံးအတွက် မွေးရာပါ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှုဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ်တစ်ခုဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ဥပဒေ၏ အုတ်မြစ်ကို ဖွဲ့စည်းပေးပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တစ်လအတွင်း လှုပ်ရှားဆောင်ရွက်ချက်များ

ဖေဖော်ဝါရီ ၄ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကစကဲ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းနှင့် ရဲစခန်းအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးခြင်း၊

ဖေဖော်ဝါရီ ၅ – ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း၊

ဖေဖော်ဝါရီ ၆ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အမေ့မေတ္တာသက်ကြွယ်ရိပ်မွန် ဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးခြင်း၊

ဖေဖော်ဝါရီ ၉ – စစ်ဦးစီးတက္ကသိုလ် (ကလော) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ၊

ဖေဖော်ဝါရီ ၉ – မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအစည်းအဝေးသို့ တက်ရောက်ခြင်း၊

ဖေဖော်ဝါရီ ၉ – အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာ သွားရောက်ပို့ချ၊

ဖေဖော်ဝါရီ ၁၂ – (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့တက်ရောက်ခြင်း၊

ဖေဖော်ဝါရီ ၁၈ – တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ၊

ဖေဖော်ဝါရီ ၂၀ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်ရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကျန်းမာရေး ဆေးစစ်မှုခံယူခြင်း၊

ဖေဖော်ဝါရီ ၂၀ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး လုပ်ငန်းခွင်ဝင်သင်တန်း၊ အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပခြင်း၊

ဖေဖော်ဝါရီ ၂၁ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲအခမ်းအနားကျင်းပပြုလုပ်ခြင်း၊

ဖေဖော်ဝါရီ ၂၄ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်ရှင်မှ ဒိုက်ဦးဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခြင်း၊

ဖေဖော်ဝါရီ ၂၄ – ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများတွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း၊

ဖေဖော်ဝါရီ ၂၅ – ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း၊

ဖေဖော်ဝါရီ ၂၅ – ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် မီးဖိုချောင်သုံးသက်သာပစ္စည်းများရောင်းချပေးခြင်း၊

ဖေဖော်ဝါရီ ၂၆ – လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်း (မရမ်းကန်း) ၌ သင်ခန်းစာသွားရောက်ပို့ချ၊

ဖေဖော်ဝါရီ ၂၇ – ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီမှ ဖွင့်လှစ်လျက်ရှိသော သင်တန်း၌ သင်ခန်းစာသွားရောက်ပို့ချ၊

ဖေဖော်ဝါရီ ၂၇ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာနေ့နှင့်သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း။

********

# ENGLISH SECTION

Vol. 5, No. 3, March 2026

## The Myanmar National Human Rights Commission inspected Mother's Love Aging Home

February 6

An inspection team led by the Commissioners of the the Myanmar National Human Rights Commission, U Kyaw Soe and Dr. Than Myint, conducted an inspection visit to Mother's Love Aging Home in Hlegu Township, Yangon region, on 6 February 2026. During the visit, the inspection team examined whether the elderly are accepted in accordance with the rules and regulations of the facility. The team inspected the conditions of the provision of healthcare services, food and nutrition supplement, clean drinking water and household water, freedom of religion, and the overall hygiene and sanitation of dormitories, bathrooms, toilets, and kitchens. The team also inquired about arrangements to ensure barrier–free movements in the buildings, and arrangements for recreation and relaxation for the elderly, the accessibility of the National Secrutiny Card for the elderly, the availability of social pension support, and the accessibility of pension payments for eligible residents, as well as the measures taken for meeting with family members and friends.

The inspection team will send its findings and recommendations to the relevant department in accordance with the Commission's law for necessary action.

## MNHRC Delivers Lecture on Human Rights at Command and General Staff College (Kalaw)

February 9

The Myanmar National Human Rights Commission (MNHRC) is steadily working to effectively implement the promotion and protection of human rights as stipulated in Section 22 (a) of the Commission Law. The Commission is implementing its activities aligned with the goals and objectives outlined in its framework of Action for Myanmar National Human Rights Commission, which serves as a guideline for its operations, and is diligently executing its tasks accordingly.

Dr. Than Myint, the Commissioner of the Commission and U Zaw Lwin Htoo, the Director of the Commission office addressed lectures on human rights at the Command and General Staff Course (No.73), hosted by the Command and General Staff College (Kalaw) on 9 February 2026 from 07:40 to 10:40. In this regard, the Commissioner Dr. Than Myint focused the lectures on Concept of Human Rights, the Organization and Functions of Myanmar National Human Rights Commission and the Director U Zaw Lwin Htoo also covered the lectures on Universal Declaration of Human Rights (UDHR), the United Nations Human Rights Mechanism and Universal Periodic Review (UPR). A total of (206) senior army officers attended the aforementioned courses. The lecturers were followed by the question and answer section.

## Myanmar Army Combat Force School (Bayintnaung) Receives MNHRC Lecture on Human Rights

February 18

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Dr. Than Myint, the Commissioner of the Commission and U Zaw Lwin Htoo, the Director of the Commission office presented the lectures on human rights at the Battalion Commander Training Course No. (64) held at the Myanmar Army Combat Force School (Bayintnaung) on 18 February 2026 from 07:40 to 10:40 via Video Conferencing System. In this context, Commissioner Dr. Than Myint focused the lecture on Human Rights Concept, Director U Zaw Lwin Htoo covered the lectures on Universal Declaration of Human Rights, Nine Core Conventions and the Organization and Functions of Myanmar National Human Rights Commission. A total of 100 participants have been attending the aforementioned course.

## The Myanmar National Human Rights Commission inspected Ka–Sa–Ke Agriculture, Livestock and Vocational Training Camps, and Police Lock–ups.

February 4

An inspection team led by U Tin Aung and U Than Win, Commissioners of the Myanmar National Human Rights Commission, conducted inspection visits to Ka–Sa–Ke Agriculture and Livestock Breeding Vocational Training Centre in Wakema Township, and Wakema Myoma Police lock–up and Myaungmya Myoma Police lock–up in the Ayeyarwady Region from 3 to 4 February 2026 in accordance with the sections 43 and 44 of the Commission Law.

During the inspection of the Ka–Sa–Ke Agriculture and Livestock Breeding Vocational Training Centre, the inspection team met the prisoners in their dormitories and inquired into and noted down the matters relating to their fundamental rights, including whether prisoners receive an adequate food supply, and whether any tortures occurred while in custody, the receipt of necessary personal–use items, access to healthcare facilities and provision of sufficient purified drinking water, the right to practice religion in accordance with their faith, the situation of allowing family visits and the receipt of items issued by the prison. In addition, the team also acquired whether there was discrimination in the assignment of work, and the observance of occupational safety within the workplace. Moreover, the team conducted private and confidential interviews with (6) prisoners who requested to meet separately, and recorded their statements.

The inspection team inspected the daily food preparation and provision for the prisoners and various facilities within the Ka–Sa–Ke Agriculture and Livestock Breeding Vocational Training Centre, including the dormitories, prison clinic, library, kitchen, food warehouse, water storage tanks, and the cleanliness of internal and external sewage systems, as well as the efforts to develop good moral and character development of the prisoners. Additionally, the MNHRC donated knowledgeable books to prisons to read and study.

During the inspections of Wakema Myoma Police lock–up and Myaungmya Myoma Police lock–up, the MNHRC team inspected the conditions of detainees during the remand period, whether any torture occurred while in custody, and whether there were opportunities to meet with

the family members, the arrangements for food provision during the court appearance period, the disposal of sewage and the overall cleanliness of the facilities, the conditions of meeting with family members and access to legal assistance during the court appearance period, the arrangements of healthcare provision for the detainees as well as the team inspected whether there were adequate lighting and proper ventilation in the facilities.

The inspection team will send its findings and recommendations to the relevant department in accordance with the Commission's law for necessary action.

## Myanmar National Human Rights Commission Inspects Daik–U Central Prison

February 24

An inspection team led by U Kyaw Myint and U Than Win, Commissioners of the Myanmar National Human Rights Commission, conducted an inspection visit to Daik–U Central Prison in Daik–U Township, Bago region on 24 February 2026, in accordance with the Section 43 and 44 of the Commission's Law. During the inspection, the team inspected the fundamental rights entitled to prisoners and detainees, including the matters relating to an adequate food supply, access to healthcare facilities and referral to external hospitals for treatment depending on illnesses, and provision of sufficient purified drinking water and water for domestic use, the situation of allowing family visits, the receipt of items issued by the prison and those sent by family members, the provision of physical exercise and sports activities for health and fitness, the right to practice religion in accordance with their faith and the provision of vocational training. In addition, the team inquired, whether there were instances of human rights violations or torture by prison officials and fellow inmates. The inspection team also met with the family members who came to visit prisoners and asked whether they faced any difficulties in meeting their relatives or in sending items to the prisoners. Moreover, the team conducted private and confidential interviews with 31 prisoners who requested to meet separately, and recorded their submissions.

Then the inspection team inspected various facilities including the dormitories of prisoners and detainees, the prison hospital, library, kitchen, food warehouse, family visit area, water purifiers, water storage tanks for domestic use, and the cleanliness of internal and external sewage system. The team also followed up on the implementation status of recommendations made by the inspection team during the previous visit. The Commission donated 100 knowledgeable books for prisoners to read and study.

The inspection team will send its findings and recommendations to the relevant department in accordance with Commission's law, for necessary action.

## MNHRC Conducts Human Rights Lecture at Social Welfare Training School (Mayangone)

February 26

By Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public awareness of human rights by disseminating information and educating the public as much as possible. Daw Mi Mi Khaing, Deputy Director of the Commission Office addressed lectures on human rights at the "Caregiver for Elders Course No. (1/2026)" which commenced at the Social Welfare Training School (Mayangone) on 26 February 2026 from 09:00 to 16:00. In this regard, Deputy Director

focused the lectures on the Human Rights Concept, Universal Declaration of Human Rights, Older Persons Rights, Organization and Functions of Myanmar National Human Rights Commission with the aim of raising awareness that caregivers of the elderly are not only responsible for the health of the elders, but also for their human dignity. The lecturer then responded to the trainee questions. A total of 31 trainees including 30 female trainees have been attended the course mentioned above.

## MNHRC Holds Lectures at the National Committee on Prevention and Response to Conflict Related Sexual Violence

February 27

According to Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public knowledge of human rights by disseminating information and educating the public as much as possible. Daw Mi Mi Khaing, Deputy Director of the Commission Office presented the lectures on human rights at the "Capacity Building Training (TOT) for the staff who related to Preventing for and Response to Sexual Violence during the Conflict" hosted by the National Committee on Prevention and Response to Conflict Related Sexual Violence (Naypyitaw) on 27 February 2026 from 13:00 to 14:30. In this regard, Deputy Director covered lecture on the matter of prevention for and response to sexual violence during the conflict from the perspective of human rights and participants joined in individual and group discussion. Following the lecture, the lecturer accepted and answered the questions asked by the trainees. A total of 25 trainees including 20 female trainees have been attended the aforementioned course.

## MNHRC Gives Human Rights Lecture at Investigation Training School (Taungoo) of Bureau of Special Investigation

February 9

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. As part of this initiative, U Kaung Khant Zin, Assistant Director of the Commission office presented the lectures on Human Rights Norms at the Capacity Building Investigation Officer Course No. (9), held at the Investigation Training School (Taungoo) of Bureau of Special Investigation on 9 February 2026 from 08:00 to 11:50. Following the lectures, the lecturer accepted the questions from the trainees. A total of 21 trainees attended the course mentioned above.

## Status of Handing Complaints

During February 2026, MNHRC received 33 Complaints. The complaint investigation team held 4 complaint screening meetings for examining the complaints and 7 complaints were referred to the departments concerned. In 7 complaints, the complainants were advised on more appropriate remedies. The 12 complaints were recorded in accordance with the MNHRC Law. 7 complaints remains in February.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁ – ၈၆၅၄၆၇၀

**Website: https://mnhrc.org.mm**

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့်ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇဗ္ဗူသီရိမြို့နယ်။
☎ ၀၆၇ – ၃၄၃၂၅၉၅

**မန္တလေး(ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်း အနောက်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
☎ ၀၂ – ၄၀၃၀၄၈၅

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့။
☎ ၀၉ – ၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊ မဟာစေတီလမ်းမကြီး၊ မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
☎ ၀၄ – ၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm